# မင်းမြတ်သူရ

မာယာကျွန်းကောရီ



တစ်နေ့သော် မြန်မာပြည်အောက်ပိုင်း မြို့ကလေးတစ်မြို့၏ မြို့စွန် ထမင်းဆိုင်ကလေးတွင် လူများ နှင့် စည်စည်ကားကား ရှိလေ၏။

ထမင်းဆိုင်၏ ထောင့်ကျကျနေရာတွင် လူငယ်တစ်ဦးသည် စားပွဲခုံ တစ်လုံးရှေ့တွင် ထိုင်၍ စားပွဲထိုးမိန်းမပျိုသုံးယောက်ကို လိုအပ်သည် များကို ညွှန်ကြားနေလေ၏။

ခဏကြာသောအခါ ဆိုင်ကလေးတွင် စားသောက်နေသူများ တဖြ ည်းဖြည်းနည်းပါး သွားသဖြင့် လူရွယ်သည် မနက်ဖြန် ဈေးဝယ်ရမည့် စာရင်းကို ပြုလုပ်နေလေ၏။

အတန်ကြာအောင် ပြုလုပ်ပြီးနောက် သူ၏ ဆိုင်ကလေး တဖြည်းဖြ ည်း အောင်မြင်လာပုံကို တွေး၍ ဝမ်းသာပီတိဖြစ်သွားပြီး ဆိုင်၏ အလ ယ်တည့်တည့်တွင် ချိတ်ဆွဲထားသော အမျိုးသမီးကြီး တစ်ဦး၏ ဆီဆေး ပန်းချီကားကြီးကို လက်အုပ်ချီ လိုက်လေ၏။

ထိုအမျိုးသမီး၏ အမည်မှာ ဒေါ်သူဇာဟူ၍ ဖြစ်ပြီး ဤထမင်းဆိုင်၏ ပိုင်ရှင်အမျိုးသမီးကြီး ဖြစ်၏။

လွန်ခဲ့သော သုံးနှစ်ခန့်က လူရွယ်သည် မြို့စွန်ကားဂိတ်တွင် ကော က်ညှင်းပေါင်း၊ ဆီထမင်း စသော စားသောက်ဖွယ်ရာများကို ရောင်းချ ၍ အသက်မွေးဝမ်းကျောင်းရလေ၏။

ညသို့ရောက်သောအခါ အိပ်စရာမရှိ၍ မြို့စွန်ကားဂိတ်ရှိ ဈေးဆိုင်များ တွင် ပင် ဖြစ်သလို အိပ်စက်ခဲ့ရ၏။

လူငယ်သည် ငယ်စဉ်ကပင် မိဘများ သေဆုံးသွားသဖြင့် ကားဂိတ်တွင် ဈေးရောင်း၍ အသက်မွေးဝမ်းကျောင်းနေခြင်း ဖြစ်၏။

ထို့ကြောင့် လူငယ်၏ ဘဝသည် အရွယ်နှင့် မမျှအောင် ဆင်းရဲပင်ပန်းလှသည် ဟု ဆိုရပေမည်။

တစ်နေ့သ၌ ဤထမင်းဆိုင်ပိုင်ရှင် အမျိုးသမီးကြီးသည် ချောင်းဆိုးသွေးပါရောဂါဖြင့် သေဆုံးသွားရှာ၏။

သူမသည် ဆွေမရှိမျိုးမရှိဘဲ တစ်ကိုယ်တည်းနေထိုင်သူ ဖြစ်၏။ သူမ သေအံ့မူးမူး ဖြစ်နေချိန်တွင် ထူးဆန်းသောစကားတို့ ကိုမှာ ကြားခဲ့လေ၏။

ထိုစကားမှာ သူမ၏ ထမင်းဆိုင်ကလေးနှင့် စုဆောင်းထားသော ငွေကြေးများကို မြို့စွန်ကားဂိတ်တွင် ဈေးရောင်းရရှာသော မောင်နန္ဒဆိုသော လူငယ်လေးအား ပေးအပ်ရန် ဖြစ်၏။

သူမ၏ နောက်ဆုံးမှာ ကြားချက်အရ မြို့လူကြီးများ သည် မောင်နန္ဒထံသို့ လာရောက်၍ ဒေါ်သူဇာ၏ ပစ္စည်းများကို ပြောပြလေရာ မောင်နန္ဒသည် လွန်စွာအံ့ဩသွားပြီး

“ဟင် … ဒေါ်သူဇာက ကျွန်တော့်ကို ဘာဖြစ်လို့ သူ့ပစ္စည်းတွေ အမွေပေးခဲ့တာလဲ”

ထိုအခါ ဘုရားလူကြီး ဦးခင်မောင်နုက

“ဒီအကြောင်းကို ပြောရရင် ထူးတော့ ထူးဆန်းတယ်ကွ၊ ဒေါ်သူဇာက နေမကောင်းဖြစ်ပြီး အတော်လေးရောဂါပြင်းထန်ချိန်မှာ သူဟာ တ

စ်ကိုယ်တည်း အပျိုကြီးဆိုတော့ သူပိုင်ပစ္စည်းတွေနဲ့ ပတ်သက်ပြီး ဘယ်သူ့ကို အမွေပေးရမလဲဆိုတာ စဉ်းစားရခက်နေတယ်၊ သူ့မှာ သားထောက်သမီးခံ မရှိပေမဲ့ သူ့ဆိုင်မှာ ကူညီလုပ်ကိုင်ပေးတဲ့ ထမင်းချက် ပန်းကန်ဆေး မိန်းကလေးသုံးယောက်ရှိတာပဲ၊ သူတို့ သုံးယောက်ကို ခွဲဝေပေးလိုက်ရင် ပြီးတာပဲ၊ ဒါပေမဲ့ ဒေါ်သူဇာက မိန်းကလေးသုံးယောက်ကို သဘောကျဟန်မရှိဘူး။ ဒီလိုနဲ့ တစ်နေ့တော့ ရက္ခစိုးရှိတယ်ဆိုတဲ့ မြို့စွန်ညောင်ပင်ကြီးကို မမျှော်လင့်ဘဲ ရောက်သွားပြီး သူမ သေဆုံးခဲ့ရင် အမွေဆက်ခံရမယ့်သူမရှိလို့ ကူညီလမ်းညွှန်ပေးပါ လို့ ဆုတောင်းခဲ့တယ်။ ဒီလိုဆုတောင်းပြီး နောက်တစ်နေ့မှာ ပဲ သူမရဲ့ အိပ်မက်ထဲကို ကိုယ်ရောင်ကိုယ်ဝါ တောက်တောက်ပြောင်ပြောင်နဲ့ ရက္ခစိုးမင်းရောက်လာပြီး ကျန်ရစ်တဲ့ ပစ္စည်းတွေကို မြို့စွန်ကားဂိတ်မှာ စျေးရောင်းနေတဲ့ မောင်နန္ဒဆိုတဲ့ လူငယ်လေးကိုပေးလိုက်ပေတော့၊ မောင်နန္ဒဟာ မိမရှိ၊ ဖမရှိပေမယ့် စိတ်ကောင်းရှိပြီး ရိုးသားတဲ့ လူငယ်လေးပဲလို့ ပြောတယ်ကွ”

ဟု ပြောလေရာ မောင်နန္ဒသည် ပါးစပ်အဟောင်းသားဖြစ်သွားပြီး ခေါင်းကုတ်၍

“ဟင် ... ရက္ခစိုးမင်းကြီးက ဒီအတိုင်းပြောတယ် ဟုတ်လား အံ့ဩစရာပဲ”

ဟု ရေရွတ်ရင်း ရက္ခစိုးမင်းကြီးအား နေ့စဉ် ဆီထမင်း၊ ကောက်ညှင်းပေါင်း စသည် တို့ ကို ဆက်ကပ်၍ ဆင်းရဲနွမ်းပါးသောဘဝမှ လွတ်မြောက်ရန်နှင့် အိမ်ရာအတည်တကျ ရှိလိုကြောင်း ဆုတောင်းခဲ့ပုံကို အမှတ်ရလေ၏။ ဦးခင်မောင်နုက ဆက်လက်၍

“ဒေါ်သူဇာဟာ ရက္ခစိုးမင်းကြီးရဲ့ အိပ်မက်ကြောင့် ဝမ်းသာအားရနဲ့

နေမကောင်းဖြစ်နေတဲ့ ကြားက မြို့စွန်ကားဂိတ်ကို မြင်းလှည်းနဲ့ လာပြီး မင်းကိုကြည့်ရှုခဲ့တယ်။ အဲဒီတုန်းက ဒေါ်သူဇာက ဆီထမင်းစား ချင်တယ်လို့ ပြောတော့ မင်းဆီမှာ ဆီထမင်း မရှိတော့လို့ မရောင်းနိုင်ခဲ့ ဘူး။ ဒါပေမဲ့ မင်းက နောက်တစ်နေ့မှာ ဒေါ်သူဇာစားဖို့ ဆီထမင်းနဲ့ ကြက်သားကြော်တွေကို ကိုယ်တိုင်သွားပို့ ပေးခဲ့တယ်လို့ ဆိုတယ်။ အဲဒီတုန်းက ဒေါ်သူဇာက ပိုက်ဆံပေးတော့ မင်းကမယူဘဲ အဒေါ်ကြီးကို ခင်မင်လို့ အလကားကျွေးတာပါ၊ ပိုက်ဆံမယူပါဘူးလို့ ပြောတယ်ဆို”

ဟု ပြောလေရာ မောင်နန္ဒသည် ထိုစဉ်က ဒေါ်သူဇာစားသောက်ရန် ဆီထမင်းနှင့် ကြက်သားကြော်များကို သွားရောက်ပေးပို့ခဲ့ပုံကို အမှတ်ရလေ၏။

ဒေါ်သူဇာသည် မြို့စွန်သို့ တကူးတကလာရောက်၍ ဆီထမင်းဝယ်ယူသော်လည်း မရခဲ့သဖြင့် မောင်နန္ဒ၏ စိတ်ထဲတွင် သနားကရုဏာစိတ်ဖြစ်ပေါ်မိ၏။ ထို့ကြောင့် နောက်တစ်နေ့တွင် ပိုက်ဆံမယူဘဲ အလကားသွားပို့ပေးခြင်း ဖြစ်၏။

ဦးခင်မောင်နုက ဆက်လက်၍

“ဒါကြောင့် ဒေါ်သူဇာဟာ မင်းရဲ့ စိတ်သဘောထားကို နှစ်သက်ပြီး ဥစ္စာပစ္စည်းတွေကို ပေးခဲ့ဖို့ ရည်ရွယ်ခဲ့တာပဲ၊ ဒီတော့ မင်းမြို့ထဲကိုလိုက်ပြီး ထမင်းဆိုင်နဲ့ ငွေကြေးဥစ္စာတွေကို လက်ခံပါ”

ဟု ပြောလိုက်ရာ မောင်နန္ဒသည် အိပ်မက်နှင့် အတူ သူ့ဘဝကို လွန်စွာအံ့သြနေမိ၏။ ဒေါ်သူဇာ၏ ဆိုင်သို့ မောင်နန္ဒရောက်သွားသောအခါ ရပ်ကွက်အတွင်းရှိလူများက သူ့အား ကံထူးသူ တစ်ယောက်အဖြစ် တအံ့တသြကြည့်ရှုကြလေ၏။

မြို့လူကြီးများက လူကြီးစုံရာ၏ ရှေ့တွင် ဒေါ်သူဇာ၏ အိမ်နှင့် ဆိုင်

ကို မောင်နန္ဒ၏ လက်သို့ အပ်လေ၏။ ထို့ပြင် ဒေါ်သုဇာ စုဆောင်းထားသော ငွေနှစ်ထောင်ကျော်နှင့် လက်ဝတ်လက်စား များကိုလည်း အပ်နှံလေ၏။

ဒေါ်သုဇာ၏ ထမင်းဆိုင်တွင် လက်ရှိအလုပ်လုပ်နေသော မိန်းမ သုံးယောက်ရှိ၏။ ထိုမိန်းမများအား မောင်နန္ဒက

"အစ်မတို့ ဒီအိမ်မှာ ပဲဆက်ပြီး အလုပ် လုပ်သွားကြပါ၊ ထမင်းဟင်း ချက်ပြုတ်တဲ့ အလုပ်ကို ကျွန်တော် မကျွမ်းကျင်ဘူး"

ဟု တောင်း ဆိုသော်လည်း ထိုမိန်းမများ သည် စိတ်သဘောထား ယုတ်မာသူများ ဖြစ်၍ မောင်နန္ဒကို ကြည်ဖြူဟန်မရှိကြပေ။

သူမတို့ သည် ဆွေမရှိ၊ မျိုးမရှိသော ဒေါ်သုဇာကြီး မကျန်းမမာဖြစ်နေစဉ် အမွေများကို မျှော်ကိုး၍ ဒေါ်သုဇာအား အမြန်ဆုံးသေစေရန် ဆုတောင်းနေသူများ ဖြစ်၏။

ယခု မမျှော်လင့်ဘဲ ဒေါ်သုဇာက မောင်နန္ဒကို အမွေများ ပေးအပ်ခြင်းကို မကျေနပ်ကြပေ။ မြမြဆိုသောမိန်းမက

"အဘွားကြီး အသည်းအသန်ဖြစ်တုန်းက တို့ ပဲပြုစုလိုက်ရတာ၊ အခုတော့ အမွေတွေကို ကလေကဝ ကောင်လေးကို သွားပေးလိုက်တယ်"

ဟု ပြောလေရာ တင်တင်ဆိုသော မိန်းမက

"အေးလေ၊ အဘွားကြီးရဲ့ အိမ်နဲ့ ဆိုင်အပြင် လက်ဝတ်လက်စားတွေနဲ့ ငွေသုံးထောင်နီးပါး ရသွားတယ်။ တကယ်ဆို ငါတို့ သုံးယောက်ပဲရသင့်တာပေါ့။ အဘွားကြီးက သေတာတောင် ငါတို့ ကို ဒုက္ခပေးသွားတယ်"

ဟု ပြောလေ၏။ အမှန်စင်စစ် ဒေါ်သုဇာသည် သူမတို့ သုံးယောက်

အား တစ်ယောက်လျှင် တစ်ကျပ်ခွဲသားရှိသော ရွှေဆွဲကြိုးတစ်ကုံးစီ အမွေပေးသွားခဲ့၏။ သို့သော် မိန်းမများ သည် လောဘကြီးသူများ ဖြစ်၍ ရလေလိုလေ ဖြစ်နေခြင်း ဖြစ်၏။

မြမြဆိုသော မိန်းမက တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့် မျက်နှာကို မဲ့ရွဲ့လိုက်ပြီး

"ဒီကလေကဝကောင်လေးလက်အောက်မှာ ထမင်းချက်ပန်းကန်ဆေးအလုပ်ကို ငါမလုပ်ချင်တော့ဘူး။ အလုပ်ထွက်ပြီး ဒီကထွက်သွားတော့မယ်"

ဟု ပြောလေ၏။ ထိုအခါ ၎င်းတို့ သုံးယောက်ထဲတွင် အလည်ပတ်ဆုံးဖြစ်သော သင်းသင်းဆိုသူက

"နေပါဦး၊ ညည်းတို့ က ဘာမဟုတ်တဲ့ မြို့ပြင်ကားဂိတ်မှာ ဈေးရောင်းတဲ့ ကောင်လေးကို အရှုံးပေးတော့မလို့ လား၊ ဒီကောင်လေးရတဲ့ အမွေတွေကို ရအောင်ယူဖို့ ငါ့တာဝန်ထားလိုက်စမ်းပါ"

ဟု ပြောလေရာ ကျန်သောမိန်းမနှစ်ယောက်က

"နေပါဦး၊ နင်က ဘယ်လိုအကြံအစည်ရှိလို့ လဲ"

ဟု မေးမြန်းလေ၏။ သင်းသင်းက တဟင်းဟင်းရယ်မော၍

"အဲဒီကောင်လေး အသက်ဘယ်လောက်ရှိပြီထင်လဲ"

ဟု မေးမြန်းလေ၏။ ကျန်မိန်းမများက နားမလည်ဟန်ဖြင့်

"၁၅နှစ်၊ ၁၆နှစ်လောက်ရှိရောပေါ့၊ ဘာဖြစ်လို့ လဲ"

ဟု ပြန်ဖြေလေ၏။ ထိုအခါ သင်းသင်းက ပြီတီတီဖြင့်ရယ်မော၍ သူမ၏ တောင့်တင်းသော ကိုယ်လုံးကို လှည့်ပတ်ပြကာ

“ကောင်လေးကိုမာယာသုံးပြီး သူ့ဆီက ပစ္စည်းတွေကို ငါတို့ လက်ထဲရောက်အောင် ခွဲယူကြမယ်၊ ကောင်လေးလက်ထဲမှာ အခွံပဲကျန်တော့တဲ့ အချိန်ရောက်မှ ကန်ထုတ်ကြတာပေါ့၊ တကယ်တော့ ကောင်လေးရသွားတဲ့ အမွေတွေဟာ မနည်းဘူး၊ အဘွားကြီးက ထမင်းဆိုင်ဖွင့်ပြီး ဒီလောက်ငွေတွေ လက်ဝတ်လက်စားတွေ စုမိတာ အံ့ဩဖို့ ကောင်းတယ်”

ဟု ပြောလေရာ မြမြဆိုသော မိန်းမက မျက်မှောင်ကြုတ်၍

“ဒီကောင်လေးကို အမွေတွေပေးဖို့ ရက္ခစိုးနတ်မင်းကြီးက အိပ်မက်ပေးပြီး စေခိုင်းတာဆို ဒါဆိုရင် ငါတို့ သုံးယောက် ဒုက္ခရောက်နေပါဦးမယ်”

ဟု ပြောလေ၏။ ထိုအခါ သင်းသင်းက မျက်နှာရှုံ့မဲ့၍

“နင်ကလည်း ညံ့လိုက်တာဟယ်၊ အဘွားကြီးကသေကာနီး ထင်ရာမြင်ရာ အိပ်မက်တွေမက်ပြီး ပြောချင်ရာပြော၊ လုပ်ချင်တာ လုပ်သွားတာကို နင်က တကယ်ယုံနေသလား”

ဟု ပြောလေရာ တင်တင်ဆိုသူက

“ဒီကောင်လေးကလည်း ရက္ခစိုးရှိတဲ့ ညောင်ပင်ကြီးမှာ နေ့စဉ် ဆီထမင်းတွေ၊ ကောက်ညှင်းပေါင်း တွေကပ်လှူပြီး ဆုတောင်းတယ်ဆိုပဲ”

ဟု ပြောလေရာ သင်းသင်းက ခေါင်းခါ၍

“ဒါကို ငါမယုံဘူး၊ ဒါဟာ အမွေတွေရဖို့ အတွက် ကောင်လေးရဲ့ လှည့်ကွက်လို့ ငါထင်တယ်။ ကဲ ... ဒီနေ့ကစပြီး ထမင်းဆိုင်မှာ ငါတို့ အရင်ကလိုပဲ အလုပ်လုပ်မယ်၊ ကောင်လေးကို နင်တို့ နှစ်ယောက်စလုံး ချစ်ခင်ရင်းနှီးတဲ့ ဟန်နဲ့ ခင်ခင်မင်မင်ဆက်ဆံကြ၊ ငါကတော့ မူယာမာယာ

သုံးပြီး ကောင်လေးကို တဏှာရူးဖြစ်အောင်လုပ်မယ်”

ဟု ယုတ်မာပက်စက်သော အကြံကို ပြောဆိုလေ၏။ ကျန်မိန်းမများ က တဟားဟား ရယ်မော၍ ထောက်ခံကြလေ၏။

ထိုနေ့မှ စ၍ မိန်းမသုံးယောက်သည် ရိုးသားသော ကောင်လေးကို ခင်မင်ရင်းနှီးဟန်ဖြင့် ဆက်ဆံလေ၏။

မောင်နန္ဒသည် ဒေါ်သူဇာသေဆုံးပြီး တစ်လပြည့်သောနေ့တွင် ဒေါ်သူဇာအတွက် ကောင်းမှုကုသိုလ်များကို ပြုလုပ်ပေးခဲ့၏။ သူသည် ထမင်းဆိုင်၏ အပေါ်ထပ်တွင် တစ်ဦးတည်း အိပ်စက်၍ မိန်းမသုံးယောက်ကို အိမ်၏ အောက်ထပ်တွင် အိပ်စက်စေ၏။

မောင်နန္ဒသည် ယုတ်မာသော မိန်းမများ ၏ အကြံဉာဏ်ကို မသိဘဲ မောင်နှမများကဲ့သို့ ရင်းနှီးချစ်ခင်စွာ နေထိုင်လေ၏။

ထိုမိန်းမများ အနက် သင်းသင်းဆိုသောမိန်းမသည် မောင်နန္ဒကိုချစ်ခင်ဟန်ပြု၍ အထူးဂရုစိုက်ဟန်ပြလေရာ မောင်နန္ဒသည် သင်းသင်းကို အခင်မင်ဆုံး ဖြစ်နေ၏။

သင်းသင်းသည် မောင်နန္ဒကို ပလူးပလဲပြုလုပ်၍ သူ၏ အဝတ်များကို လျှော်ဖွပ်ပေး၏။ ထမင်းစားချိန်ရောက်လျှင် အနီးတွင် ထိုင်၍ ဖွယ်ဖွယ်ရာရာ ပြောဆို၍ ပြုစုကျွေးမွေး၏။

မောင်နန္ဒ နှစ်သက်သော ထမင်းဟင်းများကို ချက်ပြုတ်ကျွေးမွေး၏

။

ဤသို့ဖြင့် မောင်နန္ဒသည် ထမင်းဆိုင်ကလေးတွင် ပျော်ရွှင်စွာနေထိုင်လေတော့၏။ ထမင်းဆိုင်ကလေးသည် ဒေါ်သူဇာလက်ထက်က နာမည်ကောင်းစွာရခဲ့သဖြင့် လူအများ နှင့် စည်စည်ကားကား ရှိမြဲ ဖြစ်၏။

မောင်နန္ဒသည် ထမင်းဆိုင်မှ ရရှိသော အမြတ်အစွန်းများမှ မိန်းမ သုံးယောက်အတွက် စုရတီလုံချည်၊ ပဒုမ္မာအင်္ကျီ၊ စွန်လည်ပုံ မျက်နှာချေ မှုန့် စသည် တို့ ကို ဝယ်ယူပေးလေ၏။

သူသည် မိန်းမများ ၏ မကောင်းသောစိတ်ဓာတ်ကို နားမလည်ဘဲ ၎င်းတို့ ကို ခင်မင်နေလေ၏။ သင်းသင်းဆိုသောမိန်းမသည် မောင်နန္ဒ အား သူမ၏ ယုတ်မာသောထောင်ချောက်အတွင်းသို့ တဖြည်းဖြည်း ကျုံးသွင်းရန် ကြိုးစားလေတော့၏။

သူမသည် အပျိုပေါက်အရွယ်ကပင် အကျင့်စာရိတ္တညံ့သော ယောကျ်ားတစ်ယောက်နှင့် ရင်းနှီးစွာနေထိုင်ဖူးသဖြင့် အတွေ့အကြုံရှိ သူ ဖြစ်၏။ မောင်နန္ဒသည် နေ့လယ်ခင်းအချိန်များ တွင် အပေါ်ထပ်ရှိ အိပ်ခန်းသို့တက်၍ တစ်ရေးတစ်မောအိပ်စက်တတ်၏။

ထိုအချိန်မျိုးတွင် သင်းသင်းသည် အခန်းတွင်းသို့ အကြောင်းမရှိ အကြောင်းရှာ၍ ဝင်ထွက်ပြီး မောင်နန္ဒ၏ အဝတ်ဟောင်းများကို လျှော် ဖွပ်ရန် ရှာဖွေခြင်း၊ အမိုက်လှည်းကျင်းခြင်း စသည့် အလုပ်များကို လုပ် ကိုင်လေ့ရှိ၏။

သူမသည် ငယ်ရွယ်သောယောကျ်ားတို့ တပ်မက်ဖွယ်ဖြစ်စေသော အဝတ်အစားများကို ဝတ်ဆင်၍ မောင်နန္ဒကို မြူဆွယ်လေ့ရှိ၏။ မောင် နန္ဒအိပ်စက်နေစဉ် ခုတင်ပေါ်တွင် တင်ပလွဲထိုင်၍ လက်မောင်း၊ ခြေ ထောက် စသည် တို့ ကို နှိပ်နယ်ပေးခြင်းများ ပြုလုပ်လေ့ရှိ၏။

သူမသည် စပါးကြီးမြွေကဲ့သို့ မာယာထောင်ချောက်ဖြင့် တစ်ရစ်ပြီး တစ်ရစ် ရစ်ပတ် ချည်နှောင်ရန် ကြိုးစားလေရာ အတွေ့အကြုံမရှိသော မောင်နန္ဒသည် ရင်ခုန်လှိုက်မောရလေ၏။

သင်းသင်းသည် မောင်နန္ဒအား မာယာထောင်ချောက်အတွင်းသို့

ကျုံးသွင်းခဲ့ရာမှ အပြီးတိုင် ကျုံးသွင်းရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် စျေးသို့သွားရင်း မိန်းမနှစ်ယောက်ကို တိုင်ပင်၍ ယနေ့ညတွင် ပင် မောင်နန္ဒကို အချစ်နယ်ကျွံရန် မြှူဆွယ်မည်ဖြစ်ကြောင်း ဖွင့်ဟပြောဆိုလေ၏။

ထိုအခါ မိန်းမများ သည် တဟီးဟီးရယ်မော၍

"ညည်းတော့ပွတာပဲ"

ဟု ပြောဆိုလေ၏။

ထိုနေ့ညသို့ရောက်သောအခါ မိန်းမလည်သုံးယောက်သည် ထမင်းဆိုင်ကို စောစောသိမ်း၍ လှလှဆိုသောမိန်းမက

"စျေးထဲက မုန့်ဟင်းခါးရောင်းတဲ့ ဒေါ်ခင်လှကြီး နေမကောင်းဘူးတဲ့ ၊ သတင်းသွားမေးရဦးမယ်"

ဟု ပြောလေရာ မောင်နန္ဒက

"ဟုတ်လား။ ကျွန်တော်တောင် မသိဘူး၊ အစ်မတို့ သတင်းသွားမေးရင်မေးလေ၊ ကျွန်တော်လည်း လိုက်မယ်"

ဟု ပြောလေ၏။ ထိုအခါ သင်းသင်းက

"ငါမလိုက်တော့ဘူး"

ဟု ပြောလေရာ ကျန်မိန်းမနှစ်ယောက်က

"ဘာဖြစ်လို့ လဲဟဲ့"

ဟု မေးမြန်းလေ၏။ သင်းသင်းက မျက်နှာရှုံ့မဲ့၍

"ညနေကတည်းက ဗိုက်ထဲမှာ အောင့်တောင့်တောင့်ကြီးဖြစ်နေတယ်၊ အခု တဖြည်းဖြည်း ပိုအောင့်လာတယ်၊ ဘာဖြစ်တာလဲမသိဘူး"

ဟု ပြောလေရာ ကျန်သောမိန်းမနှစ်ယောက်က စိုးရိမ်ဟန်ဖြင့်

“ဟင် ... ဒါဆို မောင်နန္ဒမလိုက်နဲ့ တော့၊ သင်းသင်းတစ်ယောက်တည်း ထားခဲ့လို့ မဖြစ်ဘူး၊ တို့ နှစ်ယောက်ပဲ သွားတော့မယ်”

ဟု ပြောလေ၏။ ထိုအခါ မောင်နန္ဒလည်း သင်းသင်းတစ်ယောက်တည်း မထားခဲ့လိုသဖြင့် ထမင်းဆိုင်တွင် ကျန်ရစ်ခဲ့လေ၏။

သင်းသင်းသည် မိန်းမနှစ်ယောက် ထွက်ခွာသွားသောအခါ ဆိုင်တံခါးကိုပိတ်လိုက်ပြီး

“အစ်မ အိပ်ခန်းထဲမှာ ခဏလှဲနေဦးမယ်၊ ဆေးသောက်ထားတော့ မကြာခင် သက်သာသွားမှာ ပါ”

ဟု ပြောလေ၏။ မောင်နန္ဒလည်း စားပွဲတစ်လုံးတွင် သူရိယသတင်းစာကိုဖတ်၍ ကျန်ရစ်ခဲ့လေ၏။

သတင်းစာတစ်စောင်လုံး ဖတ်ရှုပြီးချိန်လောက်တွင် သင်းသင်း၏ အိပ်ခန်းထဲမှ ခေါ်သံကြားရလေ၏။

“မောင်လေးရေ လာပါဦး၊ အာ .. အစ်မ ဗိုက်ထဲမှာ အောင့်လိုက်တာ ဆေးယူပေးစမ်းပါ”

ဟု ဆိုသဖြင့် မောင်နန္ဒသည် အခန်းထဲသို့ ပြေးဝင်သွားပြီး ခုတင်အနီးရှိ စားပွဲပေါ်မှ ဆေးကိုယူပေးလေ၏။

သင်းသင်းသည် မောင်နန္ဒပေးသောဆေးကိုသောက်၍ မျက်နှာကိုရှုံ့မဲ့၍ သူမ၏ ဗိုက်ကို နှိပ်နယ်ရင်း

“မောင်လေးရယ် .. ဒီနေရာကို နှိပ်ပေးစမ်းပါ၊ သိပ်ပြီးအောင့်နေတယ်”

ဟု ဆိုသဖြင့် မောင်နန္ဒက စိုးရိမ်ဟန်ဖြင့် နှိပ်နယ်ပေးလေ၏။

မောင်နန္ဒသည် မီးအိမ်နီလေး၏ အလင်းရောင်ဖြင့် သင်းသင်းကို မသိမသာခိုးကြည့် လိုက်သောအခါ သနပ်ခါးကွက်ကျားလိမ်းထားသော သူမ၏ မျက်နှာသည် လှပ၍ ညို့ငင်အားကောင်းနေသည် ထင်မိ၏။

သင်းသင်းသည် မောင်နန္ဒ၏ မျက်နှာကို ညို့ငင်သောအကြည့်ဖြင့် ကြည့်နေလေ၏။

မောင်နန္ဒသည် အကာလညအခါတွင် ညို့ငင်အားကောင်းသော မိန်းမတစ်ယောက်နှင့် ဤသို့ နီးနီးကပ်ကပ်နေထိုင်ရသဖြင့် ရင်ခုန်နှုန်းများ မြန်ဆန်လာ၏။

ရင်ထဲတွင် မောလျသလိုဖြစ်သွားပြီး အာခေါင်များ ခြောက်သွေ့ လာလေ၏။

ထိုအခိုက်မှာ ပင် သင်းသင်းက မောင်နန္ဒ၏ မျက်နှာကို ဝံ့ဝံ့စားစားကြည့်၍

"မောင်လေး မင်းသိပ်လိမ္မာတာပဲ ၊ ဒါကြောင့် မင်းကို မမက ချစ်ရတာ"

ဟု ပြောလေ၏။

မောင်နန္ဒသည် သင်းသင်း၏ စကားကြောင့် စိတ်လှုပ်ရှားဟန်ဖြင့် ကြည့် လိုက်လေ၏။ သင်းသင်းက မောင်နန္ဒကို မျက်လုံးချင်းဆုံအောင်ကြည့်၍ ကိုယ်ပေါ်တွင် ခြုံလွှားထားသော စောင်ကို ဖယ်ခွာလိုက်၏။ မောင်နန္ဒသည် တစ်ကိုယ်လုံး သွေးများ ဆူပွက်လာသယောင် ခံစားရပြီး သင်းသင်း၏ မာယာညွှတ်ကွင်းအတွင်းသို့ တိုးဝင်ရန်ပြင်လိုက်၏။

ထိုအခိုက်မှာ ပင် ပိတ်ထားသော ပြတင်းပေါက်သည် ဝုန်းခနဲပွင့် လာပြီး ပြတင်းပေါက်မှ ကာလသားခေါင်း ကိုပွကြီးနှင့် လူနှစ်ဦး ဝင်ရောက်လာကာ

"မောင်နန္ဒ၊ နောက်ဆုတ်လိုက်စမ်း"

ဟု ကျယ်လောင်စွာ အော်ဟစ် လိုက်လေ၏။

မောင်နန္ဒသည် မာယာညွှတ်ကွင်းအတွင်းသို့ ကျဆင်းရန်ကြုံလိုက်ပြီးမှ ကံကောင်း ထောက်မစွာဖြင့် လွတ်မြောက်သွားလေ၏။

သင်းသင်းက အခန်းထဲသို့ မမျှော်လင့်ဘဲ ရောက်လာသူများကို ကြည့်၍

"ဟင် .. ရှင်၊ ရှင်တို့ ဘာကြောင့် အခန်းထဲ ဝင်လာရတာလဲ"

ဟု မေးမြန်လေ၏။ ထိုအခါ ကာလသားခေါင်း ကိုပွကြီးက သူမကို ရွံရှာဟန်ဖြင့်ကြည့်၍

"ဟဲ့ကောင်မ၊ နင့်အကြံ ဒါအကုန်ပဲလား၊ နင်တို့ မနက်က ဈေးထဲမှ မုန့်စားရင်း တိုင်ပင်နေတာကို ဆိုင်ခုံအောက်မှာ အိပ်ပျော်နေတဲ့ မောင်မြကြီးက အကုန်ကြားတယ်၊ နင်တို့ ဟာ အတော်ယုတ်မာပါလား၊ ဒေါ်သူဇာရဲ့ အမွေတွေကို လိုချင်တာနဲ့ မောင်နန္ဒကို မာယာ ထောင်ချောက်ထဲကျအောင်လုပ်တယ် ၊ ပြီးတော့မှ အမွေပစ္စည်းတွေကို အပိုင်စီးတော့မယ်ပေါ့"

ဟု ပြောဆိုရင်း မောင်နန္ဒဘက်သို့လှည့်ကာ

"ဒီမှာ မောင်နန္ဒ၊ သူတို့ ကို အကောင်းထင်မနေနဲ့ ၊ မင်းကို ဖြားယောင်းသွေးဆောင်ပြီး အိမ်နဲ့ ဆိုင်ရော ပစ္စည်းတွေပါ အပိုင်စီးဖို့ ကြံရွယ်

ထားတဲ့ ကောင်မတွေ”

ဟု ပြောလေရာ မောင်နန္ဒသည် သူ၏ အဖြစ်ကို ပြန်လည်တွေးတော မိပြီး ထိတ်လန့်တုန်လှုပ် သွားလေ၏။

သူသည် အသိဉာဏ်ကင်းမဲ့သူတစ်ဦးကဲ့သို့ သင်းသင်းနှင့် အချစ်နယ် ကျွံရန် ကြိုးစားခဲ့မိ၏။

သင်းသင်းက မျက်စိမျက်နှာပျက်သွားပြီး

“ရှင်တို့ ဘာတွေလာစွပ်စွဲနေတာလဲ၊ ကျွန်မဗိုက်နာလို့ သူ့ကို နှိပ်ခိုင်း နေတာ”

ဟု ပြောလေ၏။ ထိုအခါ ကာလသားခေါင်း ကိုပွကြီးက

“နင်ဘာမှ မုန်လာဥလုပ်ဖို့ မကြိုးစားနဲ့ ၊ နင့်အဖော် မိန်းမယုတ်နှစ် ယောက်ကို ငါတို့ မေးစမ်းကြည့်ပြီးပြီ၊ သူတို့ ကလဲ ယုတ်မာတဲ့ အကျင့် အကြံတွေကို ဝန်ခံလိုက်ပြီ”

ဟု ပြောလေရာ သင်းသင်းဆိုသော မိန်းမသည် မျက်စိမျက်နှာပျက် သွားပြီး တက်ခေါက် လိုက်ကာ

“တောက် .. ဒီကောင်မတွေ၊ သစ္စာဖောက်ပြီ”

ဟု ဒေါသတကြီးဖြင့် ရေရွတ် လိုက်လေ၏။ ထို့နောက်တွင် မူ ကာ လသားခေါင်း ကိုပွကြီးနှင့် အတူ မြို့လူကြီးများ ရောက်ရှိ လာပြီး မိန်းမ ယုတ်သုံးယောက်ကို ဆုံးမစကားပြော၍ မြို့ကလေးမှ အပြီးအပိုင်မောင်းထုတ် လိုက်လေ၏။

မောင်နန္ဒသည် မိန်းယုတ်သုံးယောက် ထွက်ခွာသွားသောအခါမှ ပင် ၎င်းအား မူယာမာယာသုံး၍ လှည့်စားခဲ့ပုံများကို ပြန်လည်မြင်ယောင်

လာပြီး ထိတ်လန့်အံ့သြမိလေ၏။

မောင်နန္ဒသည် ရိုးသားသော မိန်းမပျိုသုံးယောက်ကို ငှားရမ်း၍ ဆိုင်ကလေးကို ဆက်လက် ဖွင့်လှစ်လေ၏။

သူသည် ဆိုင်ကလေးကို ကြိုးစားပမ်းစားဖြင့် ပြန်လည်ဖွင့်လှစ်လေရာ မကြာမီ အောင်မြင် လာလေ၏။

တစ်ညသ၌ မောင်နန္ဒသည် နောက်တစ်နေ့ ဈေးဝယ်ရန်စာရင်းကို တွက်ချက်နေလေ၏။

သူ၏ ဆိုင်တွင် ကူညီရောင်းချပေးသော မိန်းမပျိုသုံးယောက်မှာ အိမ်သို့ပြန်သွားကြပြီ ဖြစ်၏။ မောင်နန္ဒသည် ဈေးစာရင်းကို အတန်ကြာအောင်တွက်ချက်ပြီး အိပ်ချင်လာသောကြောင့် သမ်းဝေ လိုက်လေ၏။

ထိုအခိုက်မှာ ပင် ဆိုင်တံခါးဝမှ ပြိုလဲသံကြားရသဖြင့် မျက်မှောင်ကြုတ်လိုက်ပြီး ဈေးစာရင်းစာရွက်ကိုချကာ ဆိုင်တံခါးကိုဖွင့်ကြည့်လေ၏။

ထိုအခါ မပီဝိုးတဝါးအလင်းရောင်အောက်တွင် လဲပြိုကျနေသော လူတစ်ဦး၏ သဏ္ဌာန်ကို တွေ့ရသဖြင့် အောက်လင်းမီး၏ အလင်းရောင်ဖြင့်ကြည့်လိုက်ရာ အသက်၅၀ ဝန်းကျင် ပိန်လှီလှီလူတစ်ဦး လဲကျမေ့မြောနေသည် ကို တွေ့ရ၏။

မောင်နန္ဒသည် ပိန်လှီလှီလူကို မီးအလင်းရောင်ဖြင့်ကြည့်လေရာ ဤမြို့မှ မြို့ခံလူတစ်ယောက်မဟုတ်ဘဲ မျက်နှာစိမ်းတစ်ဦးဖြစ်ကြောင်း တွေ့ရလေ၏။

မောင်နန္ဒသည် ထိုသူကို ဆိုင်အတွင်းသို့ ခေါ်ဆောင်လာခဲ့ပြီး စားပွဲခုံပေါ်တွင် တင်ထားလိုက်၏။

ထိုလူသည် ဟောင်းနွမ်းညစ်ပေနေသော ကုတ်အင်္ကျီနှင့် ဘောင်းဘီကိုဝတ်ဆင်ထားပြီး မျက်နှာတွင် မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ရှိနေလေ၏။ မောင်နန္ဒသည် ထိုလူကို စားပွဲခုံပေါ်တွင် တင်၍ ဆေးဆရာခေါ်ရန် စဉ်းစားနေစဉ်မှာ ပင် ပြန်လည်သတိရ လာပြီး

"ရေ … ရေ သောက်ချင်တယ်"

ဟု တီးတိုးရေရွတ်လေ၏။

မောင်နန္ဒက ရေတစ်ခွက်ကိုခပ်၍ ၎င်းအား ရေအနည်းငယ်တိုက် လိုက်လေ၏။ ထိုသူသည် ရေကိုသောက်ပြီး လေသံတီးတိုးဖြင့်

"အင်္ကျီအိတ်ထဲမှာ မြေပုံရှိတယ်၊ မြေပုံမှာ ရတနာသိုက်ကို ရေးထားတယ်၊ ရတနာတွေကို တစ်ဝက်ယူပြီး ကျန်တစ်ဝက်ကို အများကောင်းကျိုးအတွက် လှူဒါန်းပေးပါ"

ဟု ပြောလေရာ မောင်နန္ဒက နားမလည်ဟန်ဖြင့် ၎င်းကိုကြည့်၍

"ဘယ်က ရတနာသိုက်လဲ"

ဟု မေးမြန်းလေရာ ထိုသူက မောလျစွာဖြင့်

"ဘင်္ဂလားပင်လယ်ထဲက ကျွန်းတစ်ကျွန်းမှာ ရတနာတွေရှိတယ်၊ ရအောင်ယူပါ၊ အန္တရာယ်တွေရှိတယ်၊ အန္တရာယ်တွေ"

ဟု ပြောရင်း

"အား … ရန်သူတွေ လိုက် လာပြီ လူဆိုးတွေ၊ ဓားပြတွေ"

ဟု အထိတ်ထိတ်အလန့်လန့်ဖြင့် ကယောင်ကတမ်း ရေရွတ်ပြီး အသက်ထွက်သွားလေ၏။

မောင်နန္ဒသည် အမည်မသိလူကြီးကို လှုပ်ခါ၍

"ဦးလေး၊ ဦးလေး"

ဟု အော်ဟစ်ကာ စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းယမ်း လိုက်လေ၏။ သူ၏ ထမင်းဆိုင်သို့ အမည်မသိလူအနေနဲ့ ရောက် လာပြီး အသက်ထွက်သွားလေ၏။

ထိုသူ၏ ခန္ဓာကိုယ်တွင် ဒဏ်ရာအနာတရရှိသော်လည်း ရက်ရှည်လများ အဖျားရောဂါကို ပြင်းပြင်းထန်ထန်ခံခဲ့ရလေ၏။

သေဆုံးသွားသောလူ၏ ဘောင်းဘီအိတ်ထဲသို့ရှာဖွေရာတွင် သားရေစပေါ်တွင် ရေးခြစ်ထားသော မြေပုံတစ်ပုံကိုတွေ့ရလေ၏။

မြေပုံကိုကြည့်၍ ထိုလူသေဆုံးကာနီး ပြောသွားသော စကားများ နှင့် ဆက်စပ်ကြည့်ရာ ထိုမြေပုံသည် ကျွန်းတစ်ကျွန်းပေါ်တွင် ရတနာသိုက်တစ်ခုနှင့် ဆက်စပ်နေမည်ဟု သုံးသပ်မိ၏။ မောင်နန္ဒသည် မြေပုံကို သေချာစွာစစ်ဆေးကြည့်ရှုရန် အချိန်မရသဖြင့် သိမ်းဆည်းလိုက်ပြီး မြို့လူကြီးများ ထံသို့သွား၍ အမည်မသိလူတစ်ယောက် သူ၏ ဆိုင်တွင် လာရောက်၍ သေဆုံးသွားကြောင်း သတင်းပေးရလေ၏။

မြို့လူကြီးများ သည် မောင်နန္ဒ၏ ထမင်းဆိုင်သို့ ညတွင်းချင်း လာရောက်ကြည့်ရှုပြီး ပုလိပ်အဖွဲ့ကို အကြောင်းကြားလေ၏။

ခဏအကြာတွင် ပုလိပ်များ အိပ်ချင်မူးတူးဖြင့် ရောက်ရှိ လာပြီး မောင်နန္ဒကို မေးခွန်းမျိုးစုံမေးမြန်းလေ၏။

မောင်နန္ဒကလည်း အကြိမ်ကြိမ်အဖန်ဖန် ဖြေဆိုပြီးသော မေးခွန်းကိုပင် တစ်ညလုံး ပြန်လည်ဖြေဆိုရ၏။

အရုဏ်တက်ချိန်ရောက်သောအခါမှ ပင် ပုလိပ်များ သည် လူကြီး၏ အလောင်းကို စစ်ဆေးရန် အနီးဆုံးမြို့ရှိ ဆေးရုံသို့ယူဆောင်သွားကြ

လေ၏။

မောင်နန္ဒသည် ထိုလူသေဆုံးကာနီး ဗလုံးဗထွေးပြောဆိုသွားသော ရတနာသိုက်ကိစ္စနှင့် သားရေစပေါ်တွင် ရေးထိုးထားသော မြေပုံအကြောင်းကို လျှို့ဝှက်ထား လိုက်လေ၏။

ထိုကိစ္စကို မြို့လူထုသို့ အသိပေးရန် မသင့်တော်ဟု ထင်မိသောကြောင့် ဖြစ်၏။

မောင်နန္ဒသည် ထိုနေ့မှ စ၍ ထိုသူပြောဆိုသွားသော စကားများကို နားထဲကမထွက်ဘဲ အကြိမ်ကြိမ် ပြန်လည်ကြားယောင်မိ၏။

သူသည် အားလပ်သည့် အချိန်တိုင်း မြေပုံပေါ်တွင် ရေးဆွဲထားသည် များကို ကြည့်ရှုနေမိ၏။

ထိုသူ၏ ရတနာသိုက်ဆိုသည့် စကားကို လောဘစိတ်မဖြစ်ပေါ် သော်လည်း လူငယ်ပီပီ စွန့်စား ရှာဖွေလိုသောစိတ် ဖြစ်ပေါ်မိ၏။

သို့သော် ပင်လယ်ကိုဖြတ်သန်း၍ ဝေးလံလှသော ကျွန်းတစ်ကျွန်းကို သက်စွန့်ဆံဖျား ရှာဖွေရန်မှာ လွယ်ကူသော အလုပ်မဟုတ်ပေ။

မည်သို့ပင်ဖြစ်စေ၊ လူခြေတိတ်သောအချိန်များ တွင် သားရေစလေး ကိုထုတ်၍ မြေပုံကိုကြည့်ပြီး စိတ်ကူးယဉ်ရသောအလုပ်တစ်ခုကို ရရှိခဲ့ လေ၏။

*